
# ဒေါ်ဆန်းစုကြည်
# ခံစားမှု

မောင်ကိုကို
(အမရပူရ)



ဒုတိယအကြိမ်

# အမှာစာ

၂၉၊ အဓိပတိလမ်း (ရန်ကုန်တက္ကသိုလ်)သည် ၅၄၊ တက္ကသိုလ် ရိပ်သာလမ်းနှင့် မဝေးကွာ ူလှပါ။ ရေးရင်း ရင်ခုန်ခဲ့ပါသည် ။

အောင်ဆန်းစုကြည် ခံစားမှုသည် အောင်ဆန်းစုကြည် ကိုယ်တိုင်ရေးသားခဲ့သော Letters from Burma နှင့် Freedom from Fear စာအုပ်များကို အဓိက အခြေခဲ့ပါသည် ။ Adaptation ပြုခဲ့ပါသည် ။ အင်တာနက်နှင့် အချို့သောစာအုပ်မှ  အချက်အလက်အချို့ကို ယူခဲ့ပါ၏။

ကျွန်တော်၏ Profile ရေးဟန်ဖြင့် အောင်ဆန်းစုကြည် Profile ကို ရေးဖွဲ့ကြည့်ခြင်း ဖြစ်ပါသည် ။ တစ်နည်း ဆိုသော် သူမ၏ စိတ်ခံစားချက်နှင့် အတွေးအခေါ်ကို ချဉ်းကပ်ကြည့်ခြင်း ဖြစ်ပါသည် ။

"လူငယ်တွေ စာအုပ်ဖတ်ဖို့ လိုတယ်"

"လူငယ်တွေ အိပ်ချိန်လျှော့ပါ"

ဆိုသော သူမ၏ စကားကို ကြားယောင်နေပါ၏။

ကျွန်တော့်ဘက်က သူမနှင့် ပတ်သက်သော စိတ်ခံစားမှု ပန်းပွင့်တို့ ဖူးပွင့်မှုလည်း ဖြစ်ပါ သည် ။ ၁၉၈၈ မှ ၂၀၁၀ အထိ။

အောင်ဆန်းစုကြည် ဟူသော အနုပညာနာမည်၊ ကမ္ဘာသုံးနာမည်ကို အရသာတွေ့သဖြင့် သုံးနှုန်းမိပါသည် ။ ၂၇ အထိ အပတ်စဉ် ဖော်ပြပေး

ခဲ့သော ဈေးကွက်ဂျာနယ် အယ်ဒီတာအဖွဲ့နှင့်၊ လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေရန် စိတ်ကူးဦးစွာ ရရှိခဲ့သော စာပေခရီးသွားများကို ကျေးဇူးတင်ပါသည် ။

လေးစားစွာဖြင့်

အောင်ကိုကို (အမရပူရ)



My father died when I was too young to remember him.

Aung San Suu kyi.

အောင်ဆန်းစုကြည်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့ က ၁၉၄၅ ခု ဇွန်လ ၁၉ ရက်တွင် မွေးဖွား သန့်စင်ခဲ့သည် ။

ကျွန်တော်သည် ထိုမွေးသက္ကရာဇ်ကို အမြဲ မှတ်မှတ်သားသား ရှိနေမည် ဖြစ်ပါသည် ။

၁၉၄၅၊ ဇွန်၊ ၁၉။

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံ လွတ်လပ်ရေး၏ ဖခင်ကြီးဖြစ်ပါသည် ။ မြန်မာ့ လွတ်လပ်ရေးသည် ၁၉၄၇၊ ဇူလိုင်လ ၁၉ ရက်၊ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မသမာသူ လူတစ်စု၏ လုပ်ကြံမှုဖြင့် ကျဆုံးခဲ့ရ၏။

၁၉၄၇၊ ဇူလိုင် ၁၉။ ထိုနေ့စွဲကိုလည်း ကျွန်တော်သည် မှတ်မှတ်သားသား ရှိလှပါ၏။

Aung San Suu Kyi is the only daughter of great hero General Aung San ဟု ကမ္ဘာက ဖော်ပြထားခဲ့၏။

***

အောင်ဆန်းကို မြန်မာနိုင်ငံ၏ အညာဒေသ နတ်မောက်မြို့တွင် ၁၉၁၅၊ ဖေဖော်ဝါရီ ၁၃ တွင် ဖွားမြင်ခဲ့၏။

အောင်ဆန်း၏ ဖခင်မှာ ဦးဖာဖြစ်သည် ။ ဘုဏ်ကောင်း၏။ စကားအရာတွင် သိပ်သည်း၏။ ရှေ့နေအလုပ်ကို လုပ်၏။

မိသားစု စားဝတ်နေရေးကို အောင်ဆန်း၏ မိခင် ဒေါ်စုက ဦးဆောင်

ရ၏။ အောင်ဆန်းတွင် ညီအစ်ကိုမောင်နှမ ခြောက်ဦးရှိ၏။ အောင်ဆန်းက အငယ်ဆုံးဖြစ်သည် ။ အောင်ဆန်းသည် ရှစ်နှစ်သား အရွယ်ရောက်မှ ကျောင်းနေခဲ့၏။ နတ်မောက်မြို့ ဦးသောဘိတကျောင်းတွင် ပညာစတင် သင်ယူ၏။ အောင်ဆန်းသည် ၁၃ နှစ်သားတွင် ရေနံချောင်းမြို့ရှိ အမျိုးသားကျောင်းသို့ ပြောင်းရွှေ့ ခဲ့၏။ အောင်ဆန်း၏ အစ်ကိုကြီး ဖြစ်သူ ကိုဘဝင်းသည် ထိုကျောင်းတွင် ဆရာတစ်ဦး ဖြစ်နေခဲ့ပြီ။ ကိုဘဝင်းသည် အောင်ဆန်း၏ စားဝတ်နေရေး၊ ပညာရေးကို အထူး စောင့်ရှောက်၏။

အောင်ဆန်းသည် ၁၉၃၂ ခုနှစ်တွင် ဆယ်တန်းကို မြန်မာ၊ ပါဠိနှစ်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည် ။

ရန်ကုန် တက္ကသိုလ်တွင် ပညာကို ဆက်လက်ဆည်းပူး၏။

ဤကား အောင်ဆန်းစုကြည်၏ ဖခင် အောင်ဆန်း၏ ငယ်ဘဝဖြစ်ပါသည် ။

***

အောင်ဆန်းစုကြည်သည် ဖခင်အောင်ဆန်း ကဲ့သို့ပင် ဉာဏ်ကောင်းသူ ဖြစ်၏။ မဟုတ်မခံ စိတ် ရှိသည် ။ အမှန်တရားကို မြတ်နိုးတတ်သည် ။

အောင်ဆန်းစုကြည်သည် အသက် ၁၅ နှစ်အရွယ်အထိ ရန်ကုန်မြို့ရှိ အင်္ဂလိပ် ကက်သလစ် ခရစ်ယာန် သာသနာပြုကျောင်းတွင်

ပညာသင်ကြားခဲ့၏။

၁၉၆၀ တွင် အောင်ဆန်းစုကြည်၏ မိခင် ဒေါ်ခင်ကြည်သည် အိန္ဒိယနိုင်ငံ ဆိုင်ရာ မြန်မာသံ အမတ်ကြီး ဖြစ်လာ၏။

အောင်ဆန်းစုကြည်သည် မိခင်နှင့်အတူ အိန္ဒိယသို့ လိုက်ပါခဲ့သည် ။ နယူးဒေလီတွင် ပညာဆက်လက် ဆည်းပူး၏။

ပထမတွင် မစ်ရှင်ကျောင်း။

ထို့နောက် ဒေလီ တက္ကသိုလ်က လေဒီရှရီရမ် ကောလိပ်တွင် ပညာဆက်လက် ဆည်းပူး၏။



၁၉၆၄ တွင် အင်္ဂလန်နိုင်ငံ အောက်စဖို့ အကယ်ဒမီ၏ St Hugh’s Col lege မှ သူမသည်

B.A ဘွဲ့ကို ရရှိခဲ့၏။

အောင်ဆန်းစုကြည်သည် စာဖတ်ဝါသနာ ပါသူတစ်ဦး ဖြစ်သည် ။

သူမသည် ကျောင်းစာ အပြင် စာအုပ်များ စွာ ဖတ်ရှုခဲ့၏။

အောင်ဆန်းစုကြည်သည် ၁၉၆၉ တွင် အမေရိကန်ပြည်ထောင်စု နယူးယော့ခ်သို့ ထွက်ခွာ၏။

သူမသည် UN တွင် အလုပ်လုပ် ဖြစ်၏။ ၁၉၇၁ အထိ နယူးယော့ခ်မှာ ရှိနေသည် ။

အောင်ဆန်းစုကြည်သည် ၁၉၇၂ တွင် မိုက်ကယ်အဲရစ် Michael Aris နှင့် လက်ထပ်သည် ။ မိုက်ကယ်အဲရစ်သည် အရှေ့တိုင်းဆိုင်ရာ သမိုင်း ပညာရှင် ဖြစ်၏။

သူမသည် သားနှစ်ယောက် ထွန်းကားခဲ့၏။ အလက်ဇန္ဒား Alexander နှင့် ကင်မ် Kim ဟု ခေါ်သည် ။

အောင်ဆန်းစုကြည်သည် ၁၉၈၅ အထိ အင်္ဂလန်မှာ ရှိနေသည် ။

အောင်ဆန်းစုကြည်သည် ဖခင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သော အကြောင်းအရာ များကို စာကြည့်တိုက် အသီးသီးမှ လေ့လာမှတ်သား၏။ သူမ၏ နှလုံးသားဝယ် ဖခင် ဗိုလ်ချုပ်အောင်ဆန်းသည် ဖွဲ့တည်၏။

အောင်ဆန်းစုကြည်သည် ၁၉၈၅-၁၉၈၆ တွင် ဂျပန်နိုင်ငံမှာ ရှိနေ၏ ။

တိုကျို တက္ကသိုလ်၊ အရှေ့တောင် အာရှဆိုင်ရာ လေ့လာရေးဌာနတွင် သုတေသန ပညာရှင် တစ်ဦးအဖြစ် အလုပ်လုပ် ကိုင်ရင်း ဖခင်နှင့် ပတ်သက်သော အကြောင်းအရာများကို လေ့လာ၏။

၁၉၈၇ တွင် အောင်ဆန်းစုကြည်သည် အိန္ဒိယသို့ သွားသည် ။ ထိုအရပ်မှာ ခင်ပွန်းရှိ၏။ သူမသည် အိန္ဒိယတွင် သုတေသန ပညာရှင် တစ်ဦး

အဖြစ် လုပ်ကိုင်ဆောင်ရွက်နေ၏။

***

၁၉၈၈၊ ဩဂုတ်လ ၈ ရက်နေ့တွင် မြန်မာနိုင်ငံသူ၊ နိုင်ငံသား အားလုံးသည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ အစိုးရကို တစ်ခဲနက်တည်း တစ်ညီတစ်ညွတ်တည်း အုံကြွ တော်လှန် လိုက်ကြ၏။

ရှစ်လေးလုံး အရေးတော်ပုံ၏ အစနေ့ဖြစ်သည် ။

၈-၈-၈၈

***

ဒီမိုကရေစီ ရရှိရေး

ဒို့အရေး

မဆလ အစိုးရ

အလိုမရှိ

အာဏာရှင်စနစ်

အလိုမရှိ

ဦးနေဝင်း အစိုးရ

အလိုမရှိ

အရေးတော်ပုံ အောင်ရမည်

အရေးတော်ပုံ အောင်ရမည်

အရေးတော်ပုံ အောင်ရမည်

မြန်မာနိုင်ငံ၏ ၈၈၈၈ အသံများ သည် ကမ္ဘာကြီးကို တုန်လှုပ်စေပါသည် ။

***

ရှစ်လေးလုံးဆိုတာ မသမာတဲ့ အုပ်ချုပ်သူများ အတွက် တစ်ပြည်လုံးက ဆုံးဖြတ်လိုက်တဲ့ စီရင်ချက်ပဲ။

ရှစ်လေးလုံးဆိုတာ ဖြတ်သန်းဖူးသူတိုင်းကို လူဖြစ်ကျိုးနပ်စေတဲ့ လူသားရဲ့ ရပိုင်ခွင့် တာဝန်ကို သင်ပေးတဲ့ ဇရာမ သင်ခန်းစာပဲ။

လှသန်း။

***

ဦးနေဝင်း ကတော့ ရှစ်လေးလုံး မတိုင်မီရက်က စစ်တပ်သည် သေနတ်ကို မိုးပေါ်ထောင် မပစ်ကြောင်း၊ ဆူဆူပူပူ လုပ်မည်မကြံနှင့်၊ မှန်

အောင် တည့်တည့် ပစ်မည့်အကြောင်း၊ တီဗွီမှ တစ်ဆင့် ပြည်သူကို ခြိမ်းခြောက်ခဲ့၏။

ဒေါင်းအလံကို
ပြောင်းဆန်အောင်
လွှင့်ထူသော
ရှစ်လေးလုံး
အရေးတော်ပုံ ဖြစ်သည် ။

***

ဒေါင်းအလံကို
ပြောင်းဆန်အောင်
လွှင့်ထူသော
ရှစ်လေးလုံး
အရေးတော်ပုံ ဖြစ်သည် ။

***

အောင်ဆန်းစုကြည်သည် ကျွန်တော်တို့ တိုင်းပြည်၏ နိုင်ငံရေးထဲသို့

ခိုင်ခိုင်မာမာ ရောက်လာခဲ့သည်။

***

အောင်ဆန်းစုကြည်သည် ကျွန်တော်တို့ တိုင်းပြည်၏ အသွေးအသားထဲသို့ အသေအချာ ရောက်လာခဲ့သည်။





Let me speak framkly. I feel strong attachment for the armed forces.

Aung San Suu Kyi

၁၉၈၈၊ ဩဂုတ်လ ၂၆၊ ရွှေတိဂုံအနောက်ဘက်မုခ်။ အောင်ဆန်းစုကြည်၏ လူထု ဟောပြောပွဲ။

၂၆-၈-၁၉၈၈ မှ စ၍ အောင်ဆန်းစုကြည်သည် ကြည်သူလူထု၏ ရှေ့ မှောက်သို့ ရောက်ရှိ လာသည် ။

၂၆-၈-၁၉၈၈ မှ စ၍ အောင်ဆန်းစုကြည်သည် ကြည်သူလူထု၏ အ သည်းနှလုံးကို ရှေ့မှောက်သို့ ဆွတ်ယူနိုင်ခဲ့သည် ။

***

အောင်ဆန်းစုကြည်။

အမည်ကို ကြားလိုက်ရသည် နှင့် ဗိုလ်ချုပ်၏ သမီးမှန်း တောရော မြို့ပါ သိကြသည် ။

ဗိုလ်ချုပ်ဟူသော အမည်ကို ကြားလိုက်သည် နှင့် ဗိုလ်ချုပ်အောင်ဆ န်းဆိုတာ လူတိုင်း သိကြ၏။

၂၆-၈-၁၉၈၈။

ရွှေတိဂုံ အနောက်မုခ်။

တို့ ဗိုလ်ချုပ်၏ သမီး အောင်ဆန်းစုကြည်က ရန်ကုန် ပြည်သူလူထု ကို မိန့်ခွန်းပြောပြီ။ ရန်ကုန်မြို့က ပြည်သူလူထု သာမက ရန်ကုန်ဝန်း ကျင် မြို့များက ပြည်သူလူထုကပါ ထို ‘အောင်ဆန်းစုကြည် လူထု ဟောပြောပွဲ’သို့ လာရောက် နားထောင်ကြ၏။

"ကျွန်မ အခန်းကဏ္ဍကို

ကျွန်မ နည်းနည်း ရှင်းပြပါရစေ

ဘာဖြစ်လို့ လဲ ဆိုတော့

လူအပေါင်းက

ကျွန်မအကြောင်းကို

သိပ်မသိကြပါဘူး"

အောင်ဆန်းစုကြည်သည် ရိုးသားမှုနှင့်ပင် စတင်ခဲ့၏။

သူမသည် ရိုးသားစွာပင် ဟောပြောခဲ့၏။

ရိုးသားမှုသည် ပွင့်လင်းလျက်။

"ကျွန်မ ဒီကနေ့က စပြီးတော့ ပြည်သူလူထုနဲ့ ပွင့်ပွင့်လင်းလင်း ဆက်ဆံပါရစေ -

နိုင်ငံခြားသားနဲ့ အိမ်ထောင်ကျတယ် ဆိုတာလည်း မှန်ပါတယ်။

ဒါပေမဲ့ ဒါလေးအတွက်ကြောင့်နဲ့ ကျွန်မ တိုင်းပြည်အပေါ်မှာ ထားတဲ့ မေတ္တာဟာ ဘယ်လိုနည်းနဲ့ မှ ကျဆင်း မသွားပါဘူး"

၁၉၈၈၊ ဩဂုတ်လ၊ ၂၆ ရက်။

အောင်ဆန်းစုကြည် အသံ။

တစ်ပြည်လုံးက ကြားပါစေသား။

၁၉၈၈၊ ဩဂုတ်လ၊ ၂၆ ရက်။

အောင်ဆန်းစုကြည် နှလုံးသား။

တစ်ပြည်လုံးက မြင်ပါစေသား။

***

"နောက်တစ်ခု ပြောတာကတော့ ကျွန်မဟာ ဗမာပြည်နိုင်ငံရေး အကြောင်း ဘာမှ နားမလည်ဘူးတဲ့ "

"တကယ်တော့ နားလည်လွန်းလို့ ခက်နေတာပဲ"

***

၂၆-၈-၁၉၈၈

အောင်ဆန်းစုကြည်အသံ ကောင်းကင်မှာ ပျံ့သန်းခဲ့ပြီ။

***

"ဒီမိုကရေစီ ရဖို့ ရန် ပြည်သူလူထု အားလုံး စည်းလုံးညီညွတ်ဖို့ လိုပါတယ်။ ညီညွတ်ရင် ဘာမဆို ဖြစ်နိုင်ပါတယ်။ မညီညွတ်ရင် ဘာမှ မတတ်နိုင်ဘူး"

***

၁၉၈၈၊ ဩဂုတ်၊ ၂၆။

ရွှေတိဂုံ အနောက်မုခ်။

အောင်ဆန်းစုကြည်သည်

ကျွန်တော်တို့ ၏ ရင်ထဲသို့

ကျွန်တော်တို့ ၏ တိုင်းပြည်၏ ရင်ထဲသို့ ရောက်ရှိလာခဲ့ချေပြီ။

***

၁၉၈၈ အရေးတော်ပုံကာလမှာ "တပ်မတော်ကို စိတ်နဲ့ တောင် မပြစ်မှားနဲ့"ဟူသော ဦးအောင်ကြီး၏ စကားကို ပြည်သူလူထုက သဘောမတွေ့ခဲ့ပါ။

***

"ဗမာ့တပ်မတော်ဟာ ကျွန်မအဖေ ပြုစုပျိုးထောင်ခဲ့တဲ့ တပ်မတော်ပါ။ ဖေဖေပြုစု ပျိုးထောင်ခဲ့တဲ့ တပ်မတော်ဆိုတာ စကားအရသာ မဟုတ်ပါဘူး၊ အစစ်အမှန်ပါပဲ"

***

"ကျွန်မ မှန်မှန်ပဲ ပြောပါရစေ။ ကျွန်မဟာ တပ်မတော်အပေါ်မှာ အင်မတန် သံယောဇဉ် ကြီးပါတယ်။ ဖေဖေ ထူထောင်ထားခဲ့တဲ့ တပ်မတော်လည်း ဖြစ်တယ်။ ကျွန်မတို့ ဆိုတာကလည်း ငယ်ငယ်လေးတည်းက ရဲဘော်တွေ လက်ထဲမှာ ကြီးလာတာလေ"

၂၆-၈-၁၉၈၈ က အောင်ဆန်းစုကြည်၏ စကား။

***

သူမ၏ ခံစားချက်ကို ကျွန်တော်တို့ တွေ့နေရသည် ။

သူမ၏ ရိုးသားမှုကို ကျွန်တော်တို့ တွေ့နေရသည် ။

သူမ၏ အနှစ်သာရကို ကျွန်တော်တို့ တွေ့နေရသည် ။

ကျွန်တော်တို့ ၏ ရင်ထဲမှာ အောင်ဆန်းစုကြည် ခံစားမှု ရှိသွားပြီ။

"ဖေဖေ့သမီးဖြစ်တဲ့ ကျွန်မဟာ ဒီ ၁၉၈၈ အရေးတော်ပုံကြီးကို ခေါင်းရှောင်နေလို့ မရပါဘူး"

သူမ၏ ဆုံးဖြတ်ချက်။ သူမ ပါဝင်ရန် လိုအပ်သော ၁၉၈၈ မြန်မာနိုင်ငံ အရေးတော်ပုံ။

***

၁၉၈၈၊ ဓစက်တင်ဘာလ၊ ၁၈ တွင် တပ်မတော်က အာဏာသိမ်းသည်
။

ကျောင်းသား ကျောင်းသူများ စွာ၊ လူငယ်များ စွာ၊ ပြည်သူများ စွာသည် စစ်တပ်ဘက်က ပစ်သော သေနတ်ကျည်ဆန် ထိမှန်လျက် ကျဆုံးခဲ့ရ၏။

၁၉၈၈ အရေးတော်ပုံသည် ပြည်သူလူထု အစုအပေါင်း၏ အသက်ကို ပေးဆပ်ခြင်း။

ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံကို ကိုင်ရင်း စစ်တပ်၏ ကျည်ဆန်ထိမှန်လျက် သေဆုံးခဲ့ရသော အထက်တန်း ကျောင်းသူလေး မဝင်းမော်ဦးကို ကျွန်တော်တို့ သည် လုံးဝ မမေ့ကြပါ။

ဘယ်သောအခါမှ မေ့သည် မဟုတ်ပါ။

ဆေးရုံကြီး၏ လူနာခုတင်ထက်တွင် သေအံ့မူးမူးအချိန်၌ မိဘနှစ်ပါးကို မဝင်းမော်ဦး မှာ ကြား ခဲ့သော စကားကို ကျွန်တော်တို့ ဘယ်သောအခါမှ မေ့ပစ်မည်မဟုတ်ပါ။

"ဒီမိုကရေစီရမှ အမျှဝေပါ"

***

"ဒီမိုကရေစီရမှ အမျှဝေပါ"

"ဒီမိုကရေစီရမှ အမျှဝေပါ"

"ဒီမိုကရေစီရမှ အမျှဝေပါ"

***

မြန်မာပြည်သူလူထုသည် ဒီမိုကရေစီ၏ ခေါင်းဆောင် အောင်ဆန်းစုကြည်သည် မြန်မာ ပြည်သူလူထုနှင့်အတူ ဒီမိုကရေစီ ခရီးကြမ်းကို ဖြတ်သန်းခဲ့၏။

၁၉၈၈၊ ဒီဇင်ဘာ ၂၇။ အောင်ဆန်းစုကြည်၏ မိခင်ကြီး ဒေါ်ခင်ကြည် ကွယ်လွန်၏။

အောင်ဆန်းစုကြည်သည် ဒီမိုကရေစီ ခရီးကြမ်းတွင် အရိုးကြေကြေ၊ အရေခန်းခန်း၊ သူမ၏ ဘဝဖြင့် ဖြတ်သန်းရန် ပိုမိုတိကျ ခိုင်မာခဲ့၏။

***

ဖေဖေ ချမှတ်ခဲ့တဲ့ လမ်းစဉ်အတိုင်း ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲအောင် ပြည်ထောင်စု ဖွား တိုင်းရင်းသား လူမျိုးအားလုံး ဖွံ့ဖြိုး တိုးတက်အောင် ဒီမိုကရေစီစနစ် ရှင်သန် ထွန်းကားအောင် ပြည်ထောင်စု မြေပေါ်မှာ နေထိုင်ပြီး ပြည်ထောင်စုသား တွေနဲ့ အတူ အရိုးကြေကြေ၊ အရေခန်းခန်း၊ သေတစ်ပန် သက်တစ်ဆုံး ကြိုးပမ်းသွားမယ်လို့ သမီးအဓိဋ္ဌာန်ပြုပါတယ် မေမေ။

မေမေ ကောင်းရာ သုဂတိ လားပါစေ။

၁၉၈၉၊ ဇန်နဝါရီ၊ ၂။

I am one of a large majority of people in Burma struggling for democracy.

Aung San Suu Kyi

၁၉၈၈၊ စက်တင်ဘာ ၂၇ တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (National League for Democracy) စတင် ပေါ်ထွန်းလာ၏။

NLD ဟု ခေါ်ကြသည် ။

NLD ပါတီ၏ အထွေထွေ အတွင်းရေးမှူးမှာ အောင်ဆန်းစုကြည်ဖြစ်သည် ။

ပြည်သူလူထုသည် NLD ကို အောင်ဆန်းစုကြည်၏ ပါတီဟု သိနားလည်ကာ အားပေး ခဲ့ကြ၏။

အောင်ဆန်းစုကြည်သည် NLD ၏ စည်းရုံးရေးခရီးစဉ်များကို ဦးဆောင်လှုပ်ရှား၏။ သူမသည် ဖခင်၏ ဇာတိမြို့ဖြစ်သော နတ်မောက်မြို့သို့ ပထမဦးဆုံး သွားရောက်ခဲ့၏။

"ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမီးလေး အောင်ဆန်းစုကြည်"

သက်ကြီးရွယ်အိုများ သည် အောင်ဆန်းစုကြည်ကို နတ်ဒေဝီသဖွယ် ငေးမောကြ၏။ လူငယ်များ ၊ လူလတ်ပိုင်းများ ၊ လူကြီးများ အားလုံးသည် အောင်ဆန်းစုကြည်မှ အောင်ဆန်းစုကြည်။

ပဲခူးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်

၏ မြို့ရွာအသီးသီးတို့

အောင်ဆန်းစုကြည်သည် စည်းရုံးရေး ဆင်းခဲ့၏။ ၁၉၈၈၊ နိုဝင်ဘာလ။

ထို့နောက် ဒီဇင်ဘာလထဲတွင် အောင်ဆန်းစုကြည်သည် NLD အဖွဲ့ဝင်များ နှင့်အတူ မွန်ပြည်နယ်သို့ စည်းရုံးရေး ဆင်းခဲ့၏။

***

အောင်ဆန်းစုကြည်၏ ဧရာဝတီတိုင်း ခရီးစဉ်မှာ အထူးကျော်ကြားလှ၏။

၁၉၈၉၊ ဇန်နဝါရီ ၁၄ မှ ၂၅ အထိ။

ဧရာဝတီတိုင်းကို အုပ်ချုပ်သော စစ်အာဏာပိုင်များ သည် အောင်ဆန်းစုကြည်ကို အမျိုးမျိုး နှောင့်ယှက်ဟန့်တားခဲ့ကြ၏။

အောင်ဆန်းစုကြည်၏ သင်္ဘော ကမ်းကပ်ခွင့် မရ။

ရပ်ထဲရွာထဲက လူများ အိမ်ပြင်မထွက်ရ။

အောင်ဆန်းစုကြည်ကို စစ်ဗိုလ် စစ်သားများက သေနတ်ဖြင့် ချိန်ရွယ်လျက် ပိတ်ဆို့ခြင်း။

အောင်ဆန်းစုကြည်သည် အဟန့်အတားများ စွာကို မကြောက်မရွံ့ ထိုးဖောက်ခဲ့၏။ စက်ဘီး ကလေးစီးကာ မြို့ထဲကို ပတ်လိုက်သေး၏။

ပြည်သူအား သူမ၏ မျက်နှာကို ပြသခဲ့သေး၏။

အာဏာပိုင်များ သည် ဧည့်စာရင်းကို အကြောင်းပြု၍ ခရီးစဉ်တွင် ပါဝင်သော NLD ပါတီဝင် ၁၄ ဦးကို မတရား ဖမ်းဆီးခဲ့ပါသည် ။

၁၉၈၉၊ ဖေဖော်ဝါရီ ၁၀ ရက်နေ့မှ ၁၆ ရက်နေ့အထိ အောင်ဆန်းစုကြည်၏ စည်းရုံးရေး ခရီးစဉ်မှာ ရှမ်းပြည် တောင်ပိုင်း ခရီးစဉ်ဖြစ်သည် ။

၁၉၈၉၊ ဖေဖော်ဝါရီ၊ ၁၂။

ပင်လုံ ကျောက်တိုင်ရှေ့ရှိ ပြည်ထောင်စု ရင်ပြင်တွင် အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသား များ သည် ၄၂ နှစ်မြောက် ပြည်ထောင်စုနေ့တွင် ပင်လုံ စိတ်ဓာတ်ဖြင့် ကျင်းပခဲ့ကြပါသည် ။

၁၉၈၉၊ ဧပြီလ ၂၄ တွင် အောင်ဆန်းစုကြည်သည် ကချင်ပြည်နယ် ခရီးစဉ်ကို စတင်ခဲ့၏။

အောင်ဆန်းစုကြည်သည် ကချင်ပြည်သူ လူထုနှင့် ချစ်ခင် ရင်းနှီးစွာ တွေ့ဆုံခဲ့၏။

၁၉၈၉၊ မေ ၂၈ တွင် အောင်ဆန်းစုကြည်သည် တာမွေမြို့နယ် NLD ရုံးတွင် မဟတ္တမဂန္ဒီ၏ အာဏာဖီဆန်ရေး တိုက်ပွဲအကြောင်း ဟောပြော၏။

ဦးဝင်းတင်က ဟင်နရီဒေးဗစ်သော်ရိုး (Henry David Thoreau) ၏ မတရားသည့် အမိန့်အာဏာ မှန်သမျှ ဖီဆန်ရေး အကြောင်းအရာကို ဟောပြော၏။

"အများ ပြည်သူ သဘောမတူတဲ့ အမိန့်အာဏာ ဟူသမျှ တာဝန်အရ ဖီဆန်ကြ"

အောင်ဆန်းစုကြည်၏ အသံသည် မြန်မာပြည်သူ လူထု၏ သွေး

သား ထဲသို့ စိမ့်ဝင်သွား၏။

"ဖီဆန်တယ်ဆိုတာ မလိုက်နာခြင်း၊ လက်မခံခြင်းကို ပြောတာပါ။ ကျွန်မတို့ အေးအေး ချမ်းချမ်း စည်းကမ်းရှိစွာနဲ့ မတရားတဲ့ အမိန့် အာဏာတွေကို မလိုက်နာဘူးဆိုတာ ပြရမယ်။ ကျွန်မတို့ အာဏာကို နည်းအမျိုးမျိုးနဲ့ ဖီဆန်နိုင်ပါတယ်"

ထိုအကြောင်းအရာနှင့် ပတ်သက်၍ အောင်ဆန်းစုကြည်နှင့် ဦးဝင်းတင်၊ ဦးသော်က၊ ဦးကိုယု၊ မောင်ဝံသ၊ ကဗျာဆရာတင်မိုး၊ စာရေးဆရာမောင်ခက်ပန် စသော စာပေ ပညာရှင်များ ဆွေးနွေးကြ၏။

"အများ ပြည်သူ သဘော မတူတဲ့ အမိန့်အာဏာ ဟူသမျှ တာဝန်အရ ဖီဆန်ကြ"

သူမ အသံ

သူမ အယူအဆ

သူမ၏ ခံစားမှု

သူမ၏ တိုက်ပွဲခေါ်သံ

ကျွန်တော်တို့ ကြားခဲ့ကြပါ၏။

***

၁၉၆၂၊ ဇူလိုင် ၇ က ရန်ကုန်တက္ကသိုလ် ကျောင်းသားကျောင်းသူများ ၏ သွေးသည် မြေကျခဲ့ရဖူး၏။

၁၉၆၂၊ ဇူလိုင် ၈ တွင် ရန်ကုန်တက္ကသိုလ် ပရဝုဏ်အတွင်းရှိ ကျော

င်းသားသမဂ္ဂ အဆောက်အအုံသည် တပ်မတော်၏ ဖြိုခွဲမှုကြောင့် ပျက်စီးခဲ့ရ၏။

အောင်ဆန်းစုကြည်သည် ၁၉၆၂၊ ဇူလိုင် ၇ ၏ သမိုင်းကို မမေ့ခဲ့ပါ။

၁၉၈၉၊ ဇူလိုင် ၇ တွင် NLD ရုံးချုပ်မှာ ၊ NLD ရန်ကုန်တိုင်းရုံးမှာ ၊ လူ့ဘောင်သစ် ဒီမိုကရက်တစ်ရုံးမှာ အောက်မေ့ဖွယ် အခမ်းအနားကျင်းပကြပါ၏။

၁၉၆၂၊ ဇူလိုင် ၇၊ ကျောင်းသားတို့ ၏ ဆွေးနွေး ညှိနှိုင်းလိုမှုကို ဗိုလ်နေဝင်း အစိုးရက လက်မခံခဲ့ပါ။ ညှိနှိုင်းခြင်းအစား ကျည်ဆန်များ နှင့်သာ တုံ့ပြန်ခဲ့၏။

"ဒါ နိုင်ငံရေး ဖြစ်ပါတယ်။ နိုင်ငံရေးအရ၊ နိုင်ငံရေး ပြဿနာများကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းတယ် ဆိုတာ ညှိနှိုင်း တိုင်ပင်တဲ့ နည်းပါ။ ညှိနှိုင်းတယ် ဆိုတာကလည်း ပြည်သူလူထု အတွက် အကောင်းဆုံး အဖြေရှာတဲ့ ပွဲ ဖြစ်ပါတယ် "

အောင်ဆန်းစုကြည်။

ဇူလိုင် ၇။

အထိမ်းအမှတ် အခမ်းအနားများ ။

"ဗိုလ်ချုပ်အောင်ဆန်းဟာ အမျိုးသား ခေါင်းဆောင်ကြီးလို့ ဆိုခဲ့ကြပါတယ်။ အမျိုးသား ခေါင်းဆောင်ကြီးရဲ့ လမ်းစဉ်က ဒီမိုကရေစီ လမ်းစဉ်ပါပဲ"

ဒီမိုကရေစီ လမ်းစဉ်သည် ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းစဉ်။ ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းစဉ်သည် ဒီမိုကရေစီ လမ်းစဉ်။

"ကျွန်မတို့ အနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လမ်းစဉ်ကို လိုက်မယ့်တပ်မတော် ဆိုလို့ ရှိရင် ပြည်သူလူထုနဲ့ တစ်သွေးတည်း တစ်သားတည်း ဖြစ်သွားမယ်လို့ ယုံကြည်ပါတယ်"

တပ်မတော်သည် ဒီမိုကရေစီကို လိုလားသော ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းစဉ်ကို လိုက်မလား။

ပြည်သူလူထု၏ ဆန္ဒနှင့် တစ်ထပ်တည်း ကျသော ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းစဉ်ကို လိုက်မလား။

သူမသည် တပ်မတော်ကို အတွေးအခေါ်နှင့် စိန်ခေါ်ခဲ့၏။

၁၉၈၉၊ ဇူလိုင်လ ၁၉။

၄၂ နှစ်မြောက် အာဇာနည်နေ့။

နဝတ အစိုးရသည် ညွှန်ကြားချက် တစ်ရပ် ထုတ်ပြန်၏။

အာဇာနည်နေ့ အခမ်းအနားကို နိုင်ငံတော်က ကြီးမှူးကျင်းပမည်။

ထိုအခမ်းအနားသို့ ပါတီအဖွဲ့အစည်း တစ်ခုမှ လူပုဂ္ဂိုလ် ၁၀ ယောက်သာလျှင် တက်ရောက် ခွင့်ပြုမည့် အမည်စာရင်းကို ကြိုတင်ပေးပို့ရမည်။

အောင်ဆန်းစုကြည်သည် စဉ်းစားတွေးခေါ်သည် ။ ဟိုရက်ကပင် သူမတို့ ဆွေးနွေး ခဲ့သေးသည် ။

"အများ ပြည်သူ သဘောမတူတဲ့ အမိန့်အာဏာ ဟူသမျှ တာဝန်အရ ဖီဆန်ကြ"

သူမတို့ အဖွဲ့၏ အတွေးအခေါ်ကို သူမသည် တာဝန်ယူ၏။

သူမတို့ အဖွဲ့၏ ကြွေးကြော်သံအတိုင်း သူမက လုပ်ဆောင်၏။

ထိုအချိန်က (၁၉၈၉၊ ဇူလိုင်လက) နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ)၏ ဥက္ကဋ္ဌမှာ ဗိုလ်ချုပ်မှူးကြီး စောမောင် ဖြစ်သည် ။

အောင်ဆန်းစုကြည်က ဆုံးဖြတ်သည် ။ ထို့နောက် နဝတဥက္ကဋ္ဌလို့ လိပ်မူ၍ စာပို့၏။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဦးစီးကျင်းပမည့် ၄၂ ကြိမ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ မိမိတို့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်အနေဖြင့် တက်ရောက်မည် မဟုတ်။

မိမိတို့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်သည် ပြည်သူ လူထုကြီးနှင့်အတူ လက်တွဲ၍ မိမိတို့ အစီအစဉ်ဖြင့် မိမိတို့ ဘာသာ အာဇာနည် ဗိမာန်သို့ ချီတက်၍ အာဇာနည် ခေါင်းဆောင်ကြီးများအား အလေးအနက် ဂါရဝပြုကြမည် ဖြစ်သည် ။

အထွေထွေ အတွင်းရေးမှူးသည် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်နှင့်အတူ နဝတ၏ မတရားသော အမိန့်အာဏာကို ဖီဆန်လိုက်ခြင်း ဖြစ်သည် ။



We want to work hard and hard with everyone working for democracy.

We want to work together with heart and soul.

Aung San Suu Kyi

၁၉၈၉၊ ဇူလိုင် ၁၈ တွင် နဝတသည် စစ်ဥပဒေ အမှတ် ၂/၈၉ ကို ထုတ်ပြန်လိုက်၏။

အာဇာနည်နေ့ကို မိမိတို့ ၏ အစီအစဉ်ဖြင့် ချီတက်ခြင်းမပြုရန် တားမြစ်လိုက်၏။

ရန်ကုန်မြို့၏ နေရာအနှံ့တွင် စစ်ထရပ်ကားများ ၊ စစ်သားများ ၊ လုံထိန်းများကို မည်းမှောင်နေအောင် နေရာချထား လိုက်သည် ကို

မြို့သူမြို့သားများက တွေ့မြင်ကြ၏။ ထိတ်လန့် ကြ၏။

စစ်ဥပဒေ အမှတ် ၂/၈၉ သည် ပြည်သူလူထုကို ခြိမ်းခြောက်လိုက်ခြင်း ဖြစ်၏။

ဤစစ်ဥပဒေဖြင့် တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက အလုပ်ကြမ်းနှင့် ထောင်ဒဏ် သုံးနှစ် သို့မဟုတ် ထောင်ဒဏ် တစ်သက်တစ်ကျွန်း သို့မဟုတ် သေဒဏ်စသည့် ပြစ်ဒဏ်တစ်ခုခု ကျခံရမည်။

အဓိကရုဏ်း နှိမ်နင်းရေး အခင်းအကျင်းများကို ပြည်သူလူထုက တွေ့မြင်နေရသည် ။ ကတုတ်ကျင်းများ ၊ သံဆူးကြိုးများ ၊ အဓိကရုဏ်းကို နှိမ်နင်းမည့် စစ်အစိုးရ၏ လူများ ။

ဆေးရုံများကိုလည်း ရောက်ရှိလာမည့် ထိခိုက်ဒဏ်ရာရသူများ နှင့် သေဆုံးသူများ အတွက် အသင့်ပြင်ဆင် ထားရန် စစ်အစိုးရက ညွှန်ကြားထား၏။

သတင်းထောက်များ မလာရ။

ဓာတ်ပုံရိုက်လျှင် ဖမ်းဆီးမည်။

စစ်အစိုးရဘက်မှ ရန်မူရန် ပြင်ဆင်လာခြင်းသည် ပြည်သူလူထုကို ထိခိုက်နာကျင်မှု တစ်စုံတစ်ရာ ဖြစ်စေတော့မည်။

ဗဟိုအလုပ် အမှုဆောင်အဖွဲ့၏ တာဝန်လွှဲအပ်မှုအရ အထွေထွေ အတွင်းရေးမှူးချုပ် အောင်ဆန်းစုကြည်သည် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်၏။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အနေဖြင့် မိမိတို့ ၏ အစီအစဉ်ဖြင့် ပြည်သူလူထုနှင့် အာဇာနည် ဗိမာန်သို့ ချီတက်ခြင်း အစီအစဉ်ကို ဖျက်သိမ်းလိုက်သည် ။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သည် နဝတက ဦးစီးပြုလုပ်မည့် ၄၂ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ လုံးဝတက်ရောက်မည် မဟုတ်ကြောင်း ပြည်သူလူထုကြီးအား အသိပေးအပ်ပါသည် ။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဗဟို၊ တိုင်းနှင့် ပြည်နယ်အသီးသီးတို့ သည် မိမိတို့ ရုံးအဆောက်အအုံ အတွင်း၌ သာ ၄၂ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားများကို ကျင်းပသွားကြ မည် ဖြစ်သည် ။

ပြည်သူလူထု တစ်ရပ်လုံးအနေနှင့် စစ်အစိုးရ၏ မတရားသည့် အမိန့်ဆိုးများအား ဆန့်ကျင် သည့်အနေနှင့် မိမိတို့ နေအိမ်အတွင်းမှ မထွက်ကြဘဲ နေအိမ်အတွင်း၌ပင် အာဇာနည် ခေါင်းဆောင်ကြီးများအား အလေးအနက် ဂါရဝပြုကြပါရန် တိုက်တွန်းပါသည် ။

***

မတရားသော အမိန့်အာဏာ ဟူသမျှကို ဆန့်ကျင်ကြသော အယူအဆဖြင့် အောင်ဆန်းစုကြည်သည် နဝတ စစ်အစိုးရကို ဆန့်ကျင်သည် ။

သို့သော် ဆန့်ကျင်ကြောင်းကို လမ်းပေါ်ထွက်၍ မဖော်ပြခဲ့ပါ။

မိမိတို့ ၏ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ရုံးအတွင်းမှာ ပင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ ကျဆုံးလေသော အာဇာနည် ခေါင်းဆောင်များကို အလေးအနက် ဂါရဝပြုခဲ့ကြ၏။

***

နဝတ အစိုးရသည် NLD ပါတီအား ပြည်သူများ ချစ်သွားမှာ ကို အလွန်စိုးရိမ်၏။ အောင်ဆန်းစုကြည်အား ပြည်သူက ချစ်ခင်နွေးထွေးမှုကို နဝတသည် အထူးအခံရခက်၏။

NLD ကို မည်သို့ဖြိုခွဲရမည်နည်း။

နဝတသည် ထိုအချက်ကို အဓိက စဉ်းစား၏။ စီစဉ်၏။ ကြိုးပမ်း၏။

နဝတသည် ၁၉၈၉၊ ဇူလိုင် ၄ တွင် NLD ၏ ဗဟိုအလုပ်အမှုဆောင်တစ်ဦးဖြစ်သော သတင်းစာဆရာ ဦးဝင်းတင်ကို ဖမ်းဆီးလိုက်၏။

ထို့နောက် နဝတ စစ်အစိုးရသည် စာရေးဆရာ မောင်သော်က၊ ပြည်သူ့တိုးတက်ရေး ပါတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ သခင်ဇင်၏ ဇနီး ဒေါ်ကြည်ကြည်၊ ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော ၏ သမီး ဒေါ်စန်းကျော်ဇော စသော နိုင်ငံရေး တက်ကြွ လှုပ်ရှားသူများအား ဖမ်းဆီးထားလိုက်၏။

***

နဝတ အစိုးရသည် ဆက်တိုက် ဖမ်းနေ၏။

၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် အောင်ဆန်းစုကြည်အား ပုဒ်မ ၁၀(ခ)ဖြင့် နေအိမ်အကျယ်ချုပ်နှင့် ထိန်းသိမ်းလိုက်ကြောင်း နဝတက ကြေညာသည် ကို ကျွန်တော်တို့ ကြားလိုက်ရ၏။

ပုဒ်မ ၁၀(ခ)သည် နိုင်ငံတော်အား ဘေးအန္တရာယ် ကျရောက်ခြင်းမှ ကာကွယ် စောင့်ရှောက် သည့် ဥပဒေဖြစ်သည် ။

အလားတူပင် ထိုအချိန်က အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်ဦးကို နဝတက နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းလိုက်ပြန်၏။

***

ကျွန်တော် မြင်နေရသည် ။

ကျွန်တော် ကြားနေရသည် ။

ကျွန်တော် ခံစားနေရသည် ။

အောင်ဆန်းစုကြည်၏ ရုပ်ပုံများ ။

အောင်ဆန်းစုကြည်၏ ဖြောင့်မတ်ပြီး သတ္တိရှိသော စိတ်ဓာတ်များ ။

အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ် မကျခံရမီ ၁၉ ရက်အလိုက သူမ၏ အသံကို ကျွန်တော် ကြားလိုက်ရသေး၏။

အမှန်တကယ် ကျွန်တော်ကြားလိုက်ရပါ၏။ Asiaweek (1 July, 1989) ထဲမှာ ။

Dominic Faulder ၏ အင်တာဗျူးကို အောင်ဆန်းစုကြည်က လက်ခံဖြေကြားခြင်း။

ယခု အခြေအနေ

ယခု အခြေအနေ

ယခု အခြေအနေ

Obviously I am the main target and I have been for sometime.

နဝတ စစ်အစိုးရ၏ ပစ်မှတ်သည် အောင်ဆန်းစုကြည် ဖြစ်ပါသည် ။


ထို့အတူပင် သူတို့ ၏ ပစ်မှတ်သည် အောင်ဆန်းစုကြည်၏ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ဖြစ်ပါသည် ။

အောင်ဆန်းစုကြည်နှင့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်သည် မြန်မာနိုင်ငံ ဒီမိုကရေစီ အတွက် အလုပ်လုပ်နေကြသည် ။ မြန်မာပြည်သူလူထု တောင့်တသော ဒီမိုကရေစီအတွက် အပြင်းအထန် အလုပ်လုပ်နေကြသည် ။ ထို့အတွက် နဝတက အောင်ဆန်းစုကြည်နှင့် NLD ကို တိုက်ခိုက်သည် ။

အောင်ဆန်းစုကြည်နှင့် NLD သည် အခြေခံကျသော နိုင်ငံရေးဆိုင်ရာ အခွင့်အရေးတို့ ပင် တစ်နေ့ထက်တစ်နေ့ ပိုမိုဆုံးရှုံးလာနေ၏။ ဘယ်မှာ လဲ နိုင်ငံရေး လုပ်ပိုင်ခွင့် နိုင်ငံရေးဟု အဘယ်မျှပင် ပါးစပ်ကပြောပြော ၊ နိုင်ငံရေးလှုပ်ရှားခွင့် မရသော ဘဝဖြင့် ရှင်သန်နေရသည် ။

"နဝတဟာ ကျွန်မကို တံဆိပ်အမှားတွေကပ်ပြီး အမျိုးမျိုး ဝါဒတွေ ဖြန့်ကြတာပေါ့။ ရယ်စရာ ကောင်းလိုက်တာ။ ကျွန်မမှာ ယောကျ်ား သုံးယောက်တဲ့ ။ မဟုတ်သေးဘူး လေးယောက် ရှိတယ်တဲ့ ။ ကျွန်မဟာ ကွန်မြူနစ်တဲ့ ။ ကျွန်မဟာ CIA တဲ့ ။ ကျွန်မဟာ ဗုဒ္ဓဘာသာကို စော်ကားတယ်တဲ့ ။ ကျွန်မဟာ နိုင်ငံခြားသားနဲ့ လက်ထပ်ခဲ့တာ မှန်ပါတယ်။ ဒါကိုလည်း ကျွန်မ အမြဲပဲ ဝန်ခံခဲ့ပါတယ်။ ဒီကိစ္စကို ကျွန်မ ဖုံးကွယ်မထားပါဘူး"

အောင်ဆန်းစုကြည်၏ အသံကို ကျွန်တော် ကြားနေရသည် ။ အောင်ဆန်းစုကြည်၏ နှလုံးသားကို ကျွန်တော် မြင်နေရသည် ။



A government that cannot guarantee basic human rights certainly won’t be able to guarantee any economic rights.

Aung San Suu Kyi

သူမ မှတ်မိနေပါသည် ။

၁၉၈၉၊ ဇူလိုင် ၂၀။ နံနက်ခင်း၊ အမှတ် ၅၄၊ တက္ကသိုလ်ရိပ်သာလမ်း နေအိမ်။

အောင်ဆန်းစုကြည်ထံသို့ သူမ၏ ဝမ်းကွဲညီအစ်မများ ရောက်လာကြ၏။

"အိမ်ပတ်ဝန်းကျင် နေရာအနှံ့ စစ်သားတွေက အပြည့်အသိပ် ရောက်နေကြတယ်။ အခြေအနေတွေ သိပ်မကောင်းဘူး"

ထို့နောက် ဦးတင်ဦး၏ သားကလည်း ကားဖြင့် ရောက်လာ၏။

"အန်တီ အခြေအနေ မကောင်းဘူး။ အဖေ ဒီမနက် ခါတိုင်းလို လမ်းလျှောက်ထွက်မလို့ လုပ်နေတုန်း စစ်ထောက်လှမ်းရေးတွေ အိမ်ကို ရောက်လာကြတယ်။ အဖေ့ကို ခြံထဲကနေ ဘယ်မှ မထွက်ဖို့ တားတာ ခံရတယ်။ အဖေ့ကို အကျယ်ချုပ်သဘော ချုပ်ထားလိုက်ကြပြီ"

သူမသည် တွေးထင်ထားခဲ့ပြီး ဖြစ်၏။

အာဇာနည်နေ့ပြီးရင် နေအိမ်အကျယ်ချုပ် ထားမလား။

သို့မဟုတ် အင်းစိန်ထောင်သို့ သူတို့ က ပို့ကြလေမလား။

သူမသည် အင်းစိန်ထောင်သို့ ပို့လိုက်လျှင် အဆင်သင့်ဖြစ်စေရန် ပစ္စည်းပစ္စယများကို အိတ်နှင့် ထည့်ထားပြီး ဖြစ်၏။

သားနှစ်ယောက်သည် သူမနှင့်အတူ ရှိနေ၏။

မိုက်ကယ်က ရောက်မလာသေး။

မိုက်ကယ်မှာ ပြည်ဝင်ခွင့်ဗီဇာ မရသေး။

သားများကို သူတို့ နေရပ်သို့ ပြန်ပို့ရန် လိုအပ်၏။

မိုက်ကယ် ရောက်လျှင်ရောက်။

မရောက်လျှင် ဆွေမျိုးများက သားနှစ်ယောက်ကို ပြန်ပို့ပေးရန် သူမသည် မှာ ကြားထား၏။

ခြံထဲမှ လူငယ်များ အဖမ်းခံရသည် ။ အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ် ကျခံ စေခဲ့ကြ၏။

သူမ စိတ်ပူသည် ။

ခြံထဲမှာ အဖမ်းခံလိုက်ရသော လူငယ်များက NLD လူငယ်များ ။ သူမကို ဝန်းရံသော လူငယ်များ ။ ထိုလူငယ်များ အဖမ်းခံလိုက်ရခြင်းအတွက် သူမသည် စိတ်မကောင်း။

သူမသည် Melo-drama ကို မကြိုက်။ ဇာတ်လမ်းဆန်အောင် လုပ်ခြင်းကို မကြိုက်။ သူမ ကိုယ်တိုင်ကလည်း ထိုအရာကို အားမပေးခဲ့။

ထို့နောက် သူမသည် ပျော့ပျောင်းသော နိုင်ငံရေးကို ကြိုက်၏။

သေသည် အထိ အစာငတ်ခံ ဆန္ဒပြပြီး တိုက်ပွဲဝင်မယ်တို့ ဘာတို့ ကို သူမ မကြိုက်ပါ။ သူမ ထင်သည် ။ ထိုသို့ ကြိုးစားခြင်းသည် သုညရလာဒ် (A Zero sum solution) ကို ဖန်တီးခြင်းပင်။

သို့သော် သူမသည် နေအိမ်အကျယ်ချုပ် အကျခံရပြီးနောက် (၁၁)ရက် တိတိ အစာငတ်ခံ ဆန္ဒပြခဲ့ဖူးပါသည် ။

ခြံထဲမှာ အဖမ်းခံလိုက်ရသော လူငယ်များ အတွက်။

လူငယ်များကို ပြန်လွှတ်ပေးရမည်။ လူငယ်များအား အဖမ်းခံနေရစဉ် ကာလအတွင်းမှာ ညှဉ်းပန်းနှိပ်စက်မှု မပြုစေရ။

သူမသည် အစာငတ်ခံ ဆန္ဒပြသည် ။ နောက်ဆုံးတွင် သူမသည် လိုလားတောင်းဆိုမှု များ အတိုင်းပင် အောင်မြင်ခဲ့ပါသည် ။

စစ်အစိုးရသည် လူငယ်များကို နှိပ်စက်ညှဉ်းဆဲမှု မပြုဘဲ လွှတ်ပေးလိုက်ကြ၏။ သူမသည် အစာအာဟာရကို ပြန်လည်စားသုံး၏။

***

သူမသည် ရှင်သန်ရန် လိုအပ်၏။

တစ်တိုင်းကြည်လုံးကို ကိုယ်စားပြုထားသော သူမ။

သူမသည် ရှင်သန်ရန် လိုအပ်၏။

သူမ စဉ်းစားသည် ။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီ။

သူမ တွေးသည် ။

ဒီမိုကရေစီ အရေးတွင် အတူတူတိုက်ပွဲဝင်သော ရဲဘော်ရဲဘက်များ ၊ မိတ်ဆွေများ ။ ကျွန်မတို့ ဆက်လက် ချီတက်ရမည်။

သူမနှင့် အသွေးအသားတူသော မိတ်ဆွေရင်းများ ။ သူမတို့ ဘာတွေ ဆက်လုပ်ကြမလဲ။ သူမ အမြဲတွေးသည် ။ မြန်မာနိုင်ငံ ဒီမိုကရေစီ။ ဒီမိုကရေစီ ဘက်တော်သားများ ။

သို့သော် ယခုမူ သူမသည် နေအိမ်အကျယ်ချုပ် ကျခံနေရ၏။

***

သူတို့ သည် တယ်လီဖုန်းကြိုးများကို ကတ်ကြေးနှင့် ဖြတ်လိုက်ကြ၏။ တယ်လီဖုန်း လိုင်းများ ပြတ်သွားခဲ့ပြီ။

အောင်ဆန်းစုကြည် ပြင်ပလောကနှင့် အဆက်အသွယ် မရတော့ပါ။

မာရီယာသည် အောင်ဆန်းစုကြည်၏ ထမင်းချက် မိန်းကလေးဖြစ်သည် ။

တနင်္လာနေ့မှ သောကြာနေ့အထိ မာရီယာသည် ခြံထဲမှာ အိမ်ဖော်အဖြစ် လုပ်ကိုင်၏။ ဈေးသွားသည် ။ ထမင်းချက်ပေးသည် ။ အဝတ်လျှော်၊ မီးပူတိုက်ပေး၏။

အောင်ဆန်းစုကြည်တွင် စာအုပ်ရောင်းရငွေများ ရှိသည် ။ အမေရိကန်ဒေါ်လာများ ဖြစ်၏။

မာရီယာသည် မွေးမြူရေးနှင့် စိုက်ပျိုးရေး အရောင်းဌာနတွင် တစ်ဒေါ်လာလျှင် ကျပ်ကိုးဆယ်နှင့် ကြက်ဥ၊ အသီးအရွက်၊ သားငါးဝယ်၏။

အောင်ဆန်းစုကြည်သည် မြန်မာကျပ်ငွေ အနေဖြင့် လိုချင်ပါက အစိုးရထံတွင် တစ်ဒေါ်လာ လျှင် ကျပ် ၁၁၀ ပေါက်ဈေးရှိ၏။

***

အောင်ဆန်းစုကြည်တွင် တိကျသော အချိန်ဇယားများ ရှိသည် ။

အချိန် စီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီး စည်းကမ်းကြီးရမည်ဟု သူမ ကိုယ်တိုင် ဆုံးဖြတ်ထား၏။

သူမ စိုက်ပျိုးထားသမျှကိုသာ သူမ ရိတ်သိမ်းရသည် ။

သူမသည် သူမကိုယ်တိုင် ဆုံးဖြတ်ချက်ချပြီး၊ ချမှတ်ထားသည့် စည်းကမ်းများကို တိကျစွာ လိုက်နာကျင့်သုံး၏။ သူမကိုယ်သူမ ပြင်းပြ

င်းထန်ထန် ခိုင်း၏။

***